# အိမ်မြောင် လှောင်အိမ်
# အခန်း(၆)

ဒီညနေမှာ လက်ကျန်ပျော်ပွဲရှင်ပွဲ အခမ်းအနားကို အဆုံးသတ်ဖို့ တေဇတယောက် ပြင်ဆင်နေပါတယ်။တိုက်ပိတ် အခန်းကျဉ်းလေးထဲမှာ ခြေနှစ်ဖက်ချိတ်ထိုင်ရင်း ဆေးပေ့ါလိပ်တလိပ်ကို အရှေ့မှာချထားတယ်။ ကံကောင်းတာတခုက ကိုစိန်ယုံက သူ့အတွက် ဆေးပေ့ါလိပ် (၂)လိပ် လက်ဆောင်ပေးထားလို့ဘဲ။ တကယ်ဆိုရင် တေဇဟာ ဒီပျော်ပွဲရှင်ပွဲ အခမ်းအနားကို ဆေးပေ့ါလိပ်(၁၀)လိပ်လောက်နဲ့ ကျင်းပချင်တယ်။ ဆေးပေ့ါလိပ်များများလိုချင်တဲ့ အလိုအပ်ဆုံး အဓိကဆန္ဒကတော့ ဖင်စီခံထဲမှာ လိပ်ထားတဲ့ သတင်းစာဖြတ်ပိုင်း ဆောင်းပါး၊ မဂ္ဂဇင်း၊ ဝတ္ထု စသည်တို့ရဲ့ ဖြတ်စလေးတွေကို ထုတ်ပြီး ဖတ်ရတာကို ပိုပြီးလိုချင်လို့ပါဘဲ။

ဒီလောက်များတဲ့ ဆေးပေ့ါလိပ်ရဖို့ (၁)လနီးပါးလောက် စောင့်ဆိုင်းရမှာဖြစ်တယ်။ ကိုစိန်ယုံ(သို့)တခါတရံ လာတွေ့တတ်တဲ့ ထောင်မှူး ကိုချစ်နိုင်တို့လာတွေ့တဲ့အခါ ဖြစ်လာနိုင်ပါတယ်။ တက္ကသိုလ်မှာ ပညာသင်စဉ်အချိန်မှာ ဂျပန်ရိုးရာ လက်ဖက်ရည်သောက်ပွဲကို အလွန်စိတ်ဝင်စားခဲ့ပါတယ်။ သမထလေ့ကျင့်သလို လှုပ်ရှားမှုများဟာ တည်ငြိမ်ပြီး သပ်သပ်ရပ်ရပ်လှုပ်ရှားရပါတယ်။ ညင်ညင်သာသာလည်း ရှိမှဖြစ်ပါတယ်။ မိမိရဲ့တင်ပုဆုံကို ခြေဖနှောင့်ပေါ်မှာ ထိုင်ထားတဲ့ အနေအထားမှာ ဖြစ်ရမှာပါ။

သေသေချာချာထိုင်ရင်းနဲ့ တေဇဟာ ဗမာ့ဆေးလိပ်သောက်ပွဲကြီးကို တိုက်ပိတ်အကျဉ်းခန်း လေးထဲမှာ တဦးတည်း ကျင်းပနေပါတယ်။ တက္ကသိုလ် ဒုတိယနှစ်၊ တတိယနှစ်တွေတုန်းမှာလည်း တေဇ ဒီလိုဘဲ ဆေးလိပ် သောက်ပွဲ ကျင်းပနေတာဖြစ်ပါတယ်။ ဆေးလိပ်ငွေ့တွေကို နှာခေါင်းမှ မှုတ်ထုတ်လိုက်ရင်း အတိတ်အကြောင်းတွေကို ပြန်လည်တွေးမြင်ယောင် နေမိပါတယ်။ တေဇစိတ်ကူးထဲမှာလည်း မိသားစုရဲ့ပုံရိပ်ဟာ တဖြည်းဖြည်းပေါ်ပေါက်လာပါတယ်။ ပုံရိပ်ဟောင်းတွေ တဖြည်းဖြည်းမြင်ယောင်လာပါတယ်။ တေဇရဲ့ ဖိုးဖိုးဟာမန္တလေး တရုတ်တန်းထဲက လဖက်ရည်ဆိုင်မှာ ဆေးလိပ်ထိုင်သောက်နေတာကို မြင်ယောင်လာတယ်။ ဆေးလိပ်သောက်တဲ့အခါမှာ ထွက်လာတဲ့ အနံ့ဟာ ဗမာပြည်ရဲ့အနံ့ အသက် အစစ်မဟုတ်ပါလား?တမင်းစားပြီး တရားထိုင်ပါတယ်။ နောက်ပြီးဆေးလိပ်သောက်ပွဲ ကျင်းပတာဖြစ်ပါတယ်။ တဖြည်းဖြည်းနဲ့ ဆေးလိပ်သောက်ပွဲဟာ အရေး□ပါ စိတ်ဝင်စားစရာကောင်းတဲ့ အခန်းကိုရောက်လာပါတယ်။ တကယ်အရေးပါဆုံးအခန်းမှာ ဖင်စီခံကို ထုတ်ပြီး စက္ကူလိပ်တွေကို ဖြည်းဖြည်းချင်း ဖြေရတဲ့အခါဖြစ်ပါတယ်။ သတင်းစာကို ဇိမ်နဲ့ ဖတ်နေရသလို ခံစားရပါတယ်။ တခါတလေတန်ဖိုးရှိတဲ့ စာသားများ ပါလာတတ်ပါတယ်။ ဆေးပေ့ါလိပ်ဆိုတာ အရွယ်အမျိုးမျိုး အရသာလည်း အမျိုးမျိုးဖြစ်ပါတယ်။ တချို့တန်ဖိုးကြီးတဲ့ ဆေးပေ့ါလိပ်တွေဟာ ပလပ်စတစ်နဲ့ ထုပ်ပိုးထားပါတယ်။ ကိုစိန်ယုံဟာ အဆက်အသွယ် တော်တော်ကောင်းတဲ့ လူဖြစ်ပါတယ်။ ဘယ်ကိုဘဲဖြစ်ဖြစ် ဝင်နိုင်ထွက်နိုင်ပြီး လူပေါင်းစုံနဲ့ တည့်အောင်ပေါင်းတတ်ပါတယ်။

တိုက်ပိတ်အခန်းကျဉ်းထဲမှာ တိတ်ဆိတ်ပြီး ငြိမ်သက်နေပါတယ်။ တချို့ အကျဉ်းသားများဟာ ဖင်စီခံထဲက သတင်းစာ ဖြတ်ပိုင်းတွေထုတ်ပြီး ကိုယ်ရေးထားတဲ့ စာတွေလိပ်ပြီး ဆက်သွယ်တတ်ကြပါတယ်။ မိသွားရင်တော့ မသသက်သာပါ။ ထုထောင်းရိုက်နှက် ကန်ကျောက်ခံရမှာ သေချာပါတယ်။ ဆေးလိပ်ဖင်စီခံဟာ ကောက်ရိုးအစတွေနဲ့ ရောနှောထားပြီး သေသပ်စွာ လိပ်ထားထာဖြစ်ပါတယ်။ တတ်နိုင်သလောက် ပြန့်အောင်ဖြန့်ထားပေမဲ့ ဖင်စီခံရဲ့ သဘောအတိုင်းဘဲ ပြန်ပြီး လိပ်သွားတတ်ပါတယ်။ ဆေးလိပ်အတိုအရှည်ပေါ် မူတည်ပြီး ဖင်စီခံလည်း အတိုအရှည်မတူပါ။

တခါတလေ ဖင်စီခံဖြတ်ပိုင်းလေးကို ဖြန့်ကြည့်ရင်း ဘာမှမရေးထားတာတွေ့ရင် တေဇရင်ခုန်မိတာအရမ်းပါဘဲ။ ဘာမှရေးမထားဘဲ ဖြောင်မြင်ရရင် အဲဒီပေါ်မှာ လျှို့ဝှက်မှင်နဲ့ ရေးထားတာ ဖြစ်တတ်ပါတယ်။ များသောအားဖြင့် နိုင်ငံရေးအကျဉ်းသားများ ဒီလိုဘဲ ဆက်သွယ်တတ်ကြပါတယ်။ တေဇဟာ မြို့သားဖြစ်ပေမဲ့ နယ်ဘက်တွေ သွားလည်တတ်ပါတယ်။ တခါတရံ ဆေးလိပ်လိပ်တဲ့ ဆေးလိပ်ခုံတွေဘက်ကို လေ့လာဖူးပါတယ်။ ဆေးလိပ်သမများဟာ ပင်ပန်းဆင်းရဲကြပါတယ်။ မနက်လည်း စောစောထပြီး ဆေးလိပ်ခုံကို လာကြရပါတယ်။ ငွေကြေးအရ နည်းပါးပေမဲ့ ဆေးလိပ်သမများဟာ သီချင်းလေးတွေ ညည်းရင်းနဲ့ တနေကုန် ဆေးလိပ်လိပ်နေကြပါတယ်။ ဆေးလိပ်သမများ ကျေးဇူးကြောင့် လူသိန်းပေါင်းများစွာ ဆေးလိပ်သောက်ရတယ် မဟုတ်ပါလား? အဲဒီလိုဘဲ ဖင်စီခံထဲက သတင်း စာ၊ဆောင်းပါး၊ ဖြတ်ပိုင်းများဟာလည်း ထောင်ထဲမှာ နိုင်ငံ ရေးသမားများအ တွက် အဖိုးမဖြတ်နိုင်တဲ့ စာကောင်းပေကောင်းများ ဖြစ်ပါတယ်။ ဆေးလိပ်များများရလေ စာများများဖတ်ရမှာ ဖြစ်ပါတယ်။

ဆေးလိပ်သမများဟာ သဘောကောင်းကြင်နာတတ်ပြီး လှပသော ပါးကွက်များနဲ့ အမျိုးသမီးများအဖြစ် တေဇစိတ်ကူးထဲမှာ မှတ်ထားပါတယ်။ တကယ်လို့ဖြစ်နိုင်ရင် တေဇဟာ သူသောက်တဲ့ဆေးလိပ်ထဲမှာ သူကြိုက်တဲ့ ရုပ်ရှင်အကြောင်း၊ ဇတ်လိုက်တွေရဲ့အကြောင်း ရေးထားတဲ့ ဆောင်းပါးများကို ထဲ့ပြီး လိပ်ထားရင် သိပ်ကောင်းမှာဘဲလို့ စိတ်ကူးယဉ်ခဲ့ဘူးတယ်။ သိပ်ကြိုက်တဲ့ **"အချစ်နဲ့ငြိမ်းချမ်းရေး""လေရူးသုန်သုန်"** လို ဝတ္ထုကို ဆေးလိပ်ဖင်စီခံထဲလိပ်ပြီး ပို့ပေးရင်တေဇ အားရပါးရ ဖတ်ရမှာဘဲလို့ စိတ်ကူးယဉ်နေတယ်။ တခါတရံမှာ ဘာမှရိုက်နှိပ်မထားတဲ့ စာဖြတ်ပိုင်းတွေကို မြင်ရရင် စိတ်ပျက်မိတာအမှန်ဘဲ ဖြစ်ပါတယ်။ ဆေးလိပ်ထဲက စာကြောင်းလေးတွေ ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ အစမှအဆုံး ဖတ်ရတာကို သိပ်နှစ်သက်ပါတယ်။

တေဇရဲ့ မေမေ ဒေါ်စန္ဒာဟာ တေဇလိုဘဲ စာဖက်တာ သဘောကြသူဖြစ်ပါတယ်။ တခါတလေ ဘာမှမရေးထားတဲ့ စက္ကူဖြောင်ကို နေရောင်ထဲ ထောင်ကြည့်နေရင်း လူကြား၊သူကြား ဘတ်စ်ကားပေါ်မှာ တောင်မကြောက်မရွံ့ ထောင်ဖတ်နေတတ်ပါတယ်။ ချစ်ရတဲ့ သားဆီက လျှို့ဝှက်မှင်နဲ့ ရေးထားပြီး ပို့လိုက် တဲ့ စာမဟုတ်လား? တခါတုန်းက ဘာမှ မရေးထားတဲ့ စာကို စိတ်ဝင်စားစွာ ထောင်ဖတ်နေတဲ့ ဒေါ်စန္ဒာကို ဘတ်စ်ကားပေါ်က လူတွေ အလွန်အံ့သြစွာ ဝိုင်းကြည့်ကြဘူးတယ်။

မေမေဒေါ်စန္ဒာဟာ လူဝင်စားတွေအကြောင်း အရမ်းစိတ်ဝင်စားတဲ့ လူတယောက်ဖြစ်ပါတယ်။ လူဝင်စားတွေအကြောင်းပါတဲ့ ဆောင်းပါး၊မဂ္ဂဇင်းဖြတ်ပိုင်းလေးတွေကို ကပ်ကြေးနဲ့ညှပ်ပြီးသိမ်းထားတတ်ပါတယ်။ မေမေ့ရဲ့လက်ပေါ်မှာ ကြီးပြင်းလာခဲ့တဲ့ တေဇဟာ တက္ကသိုလ်ရောက်တဲ့အထိ မေမေ့ရဲ့ ဝါဒတွေနဲ့ကြီးပြင်းလာတာ ဖြစ်တယ်။ နောက်တော့မှ တဖြည်းဖြည်းနဲ့ တေဇမေမေဟာ အယူသီးပြီး ခေတ်နောက်ပြန်ဆွဲနေတဲ့ လူမျိုးဆိုတာ သိလာပါတယ်။ ဖိုးဖိုးတို့ မေမေတို့ ပြောပြဘူးတဲ့ ဗုဒ္ဓတရား၊ နတ်တွေအကြောင်း ပြန်ကြားယောင်နေပါတယ်။ စိတ်ထဲမှာလည်း အနက်အဓိပ္ပါယ်တွေ သိချင်တဲ့စိတ် ပိုများလာပါတယ်။ ဒါကြောင့်ဘဲ သေးမွှားတဲ့

ဖင်စီခံထဲက စာကြောင်းလေးတွေဟာ တေဇအတွက် ပိုအဖိုးတန်လာပါတယ်။ ဆောင်းပါး၊ ဝတ္ထု၊ စာရေး၊ ကြော်ငြာစသဖြင့် စိတ်ဝင်စားစရာ အပြည့်ဖြစ်ပါတယ်။

တခါတလေ စာသားတိုတောင်းပေမဲ့ အဓိပ္ပါယ်ရှိတာတွေ ပါလာတတ်ပါတယ်။ တချို့ဖြတ်စလေးတွေမှာ တန်ဖိုးရှိတဲ့ မြန်မာပြည်သမိုင်း တချို့ ပါလာတတ်ပါတယ်။ ဆေးလိပ်သောက်ပွဲ မင်္ဂလာဟာ စာရွက်အပိုင်းစတွေနဲ့ ပိုပြီးတော့ စိုပြေလာပါတယ်။ တေဇဟာ လွန်ခဲ့တဲ့ (၃)နှစ်လောက်အထိ စာရွက်အစုတ်လေးတွေကို သိမ်းထားဘူးတယ်။ တခါတလေ အဲဒီ ဖင်စီခံထဲက တော်တော်များများ အခန်းတွေထဲမှာ ရှိနေကြပြီး စာသားတူတာများတွေ့ခဲ့ရင် ထောင်ဝင်ထမ်းတွေဟာ အခန်းတွေပိတ်ပြီး လူတွေကိုတယောက်ချင်း အသေးစိတ် ရှာဖွေတတ်ပါတယ်။ တခါတလေ ထောင်ဝါဒါတွေ တေဇရဲ့ ဆေးလိပ်ဖင်စီခံ မှတ်တမ်းတွေတွေ့ရင် မရရအောင် အဓိပ္ပါယ်ဖော်ခိုင်းတယ်။

**ထောင်ထဲမှာအပြစ် လုပ်တဲ့လူတွေကို**
**ခွေးလှောင်အိမ်ထဲမှာ ထားပါတယ်။**
**ခွေးတွေနဲ့ အတူ ထမင်းစား၊**
**ရေသောက်၊ ချီးပါ၊ သေး ပေါက်၊**
**အတူတူအိပ်ပြီး**
**ခွေးလို သဘောထားတာ**

အထဲမှာ နိုင်ငံရေးသမားတွေ အချင်းချင်း ဆက်သွယ်တယ်ဆိုတဲ့ သဘောယူဆထားကြတယ်။ အဓိပ္ပါယ်ကို မရရအောင်မေးတယ်။ ခွေးလှောင်အိမ်ထဲ ထဲ့မယ်လို့ လည်းပြောဘူးပါတယ်။ ထုထောင်းရိုက်နှက်တာတွေဟာ တေဇအဖို့ ရိုးနေပါပြီ။ ဒါပေမဲ့ တကယ်ခွေးလှောင်အိမ်ထဲ့ မထဲ့ပါဘူး။ ဘာဖြစ်လို့ လဲဆိုရင် ခွေးလှောင်အိမ်ထဲမှာ ထဲ့ထားတဲ့နိုင်ငံရေး အကျဉ်းသားများနဲ့ ဆက်သွယ်သွားမှာ စိုးရိမ်လို့ ဖြစ်ပါတယ်။ အဆောင်(၃)က နိုင်ငံရေးသမားဆီက စာရေးထားတာတွေ့ လို့ ခွေးလှောင်အိမ်ထဲမှာ ထဲ့ထားလိုက်ကြတယ်။ ခွေးလှောင်အိမ်ဟာ အပြစ်ပေးခံရတဲ့ လူတွေကို ထားဖို့ ထောင်ပိုင်ကြီးဆုံးဖြတ်ပြီးတဲ့ အချိန်မှစလို့ ထောင်ထဲမှာအပြစ်လုပ်တဲ့လူတွေကို ခွေးလှောင်အိမ်ထဲမှာ ထားပါတယ်။ ခွေးတွေနဲ့ အတူ ထမင်းစား၊ ရေသောက်၊ ချီးပါ၊ သေးပေါက်၊ အတူတူအိပ်ပြီး ခွေးလို သဘောထားတာ ဖြစ်တယ်။ လူတွေကို ခွေးလိုဘဲ ဆက်ဆံတဲ့သဘောပါ။ ဒါကြောင့် နိုင်ငံရေးသမား အကျဉ်းသားတွေဟာ ခွေးစော်နံကြတယ်ဆိုတာ အမှန်ဖြစ်မယ်ထင်တယ်။

တေဇကို နှိပ်စက်ပုံက အဆောင်(၃)က လူတွေလို မဟုတ်ပါ။ ခြေဖျားလေးထောက်ထား၊ ဒူးကိုကွေးပြီး ခြေထောက်ပေါ်မှာ မထိတထိ ထိုင်ရတဲ့ ပုံစံဖြစ်ပါတယ်။ လက်(၂)ဖက်ကို ခေါင်းပေါ်မှာ ချိတ်ထားပြီး မလှုပ်မရှားထိုင်ရပါတယ်။ တတောင်ကို လေထဲမှာထားရပါတယ်။ အဲဒီပုံစံအတိုင်း မပျက်အောင်နေရင်း သူတို့ ရိုက်

တာခံပြီး အနေအထား မပျက်ရပါဘူး။ မလှုပ်ရပါဘူး။ လက်ချလိုက်ရင် ဝိုင်းပြီးဆော်ကြပါတယ်။ ဝိုင်းဆော်လို့မှ မြောသွားတာတောင် ရိုက်နှက်တာ မပြီးသေးပါဘူး။ တချို့က ကန်ချင်လို့ကို ကန်တာ။ ဒါတောင်သူတို့ ကန်ရတာ ပင်ပန်းသွားမှာ အကန်ရပ်တာဖြစ်ပါတယ်။

တခါတလေ နှိပ်စက်ခံရတဲ့ အကြောင်းတွေ တွေးရင်းနဲ့ ချစ်ရတဲ့ သဇင်အကြောင်း မဆီမဆိုင် ရောက်သွားတယ်။ အတွေးထဲမှာ ချစ်ကြခင်ကြတုန်းက အကြောင်းတွေကို ပြန်မြင်ယောင်နေမိပါတယ်။ သူတို့ နှိပ်စက်တဲ့ အခါမျိုးမှာ ကိုယ့်အသက်ကိုယ်မပိုင်တော့ပါဘူး။ သူတို့ လက်ထဲမှာ ဝကွက်အပ်ထားရပါတယ်။ တေဇအနှိပ်စက်ခံရတဲ့ အချိန်တွေတုန်းက ကိုဆာမိဟာ တေဇ တိုက်ပိတ်အခန်းကျဉ်းဘက်မှာ တာဝန်ကျသူဖြစ်ပါတယ်။ ကိုဆာမိက တေဇကို ဆေးလိပ်ပေးဖူးတယ်။ တေဇဟာ ဆေးလိပ်သောက်ချင်ပေမဲ့ ထောင်ဝန်ထမ်းတွေ တွေ့ သွားမှာ သိပ်စိုးရိမ်တယ်။ အနှိပ်စက်ခံရမှာ သေချာတယ်။ ဒါကြောင့် ကိုဆာမိကို "ကိုဆာမိ ခင်ဗျား ဆေးလိပ် ပေးတာ ဝန်ထမ်းတွေသိရင် ခင်ဗျားကို ခွေးလှောင်အိမ်ထဲ ထဲ့ထားလိမ့်မယ်။ မကြောက်ဘူးလား?"မေးမိတော့ ကိုဆာမိက လျှာပြတ်နေလို့ စကားပြောနိုင်ပေမဲ့ လက်ညှိုးကို ပါးစပ်မှာ တေ့ပြလိုက်တယ်။ သဘောကတော့ မင်းစကားမရှည်နဲ့ တိတ်တိတ်နေဆိုတဲ့ သဘောဖြစ်တယ်။

ဒီလိုနဲ့ဘဲ တေးဆိုငှက်လည်း ဆေးလိပ်ပြန်သောက်တဲ့အကျင့် ပြန်စွဲသွားပါတယ်။ ဆေးလိပ်သောက်ပွဲ တိုက်ပိတ်အခန်းကျဉ်းထဲ ကျင်းပနေရင်း ဆေးလိပ်ဖင်စီခံတွေကို ချေးအိုးထဲ ပစ်ထဲ့လိုက်တယ်။ ဒါပေမဲ့ (၃-၄) ခုတော့ လိုလိုမယ်မယ် ချန်ထားတယ်။ တခါတလေ ထမင်းမကျွေးလို့ ဆာလွန်းရင် အဲဒီဖင်စီခံ စက္ကူလိပ်လေးကို အဆာပြေတောင် စားလို့ရတယ် မဟုတ်လား?

ညီဖြစ်သူ အောင်မင်းနဲ့ တေဇတို့ ငယ်ငယ်တုန်းက ရန်ကုန် ဆူးလေဘုရားနားမှာရှိတဲ့ ပုံနှိပ်စက္ကူ လုပ်ငန်းတွေများတဲ့ လမ်းတွေဘက်ရောက် ဘူးခဲ့ပါတယ်။ စက္ကူရနံ့ သင်းသင်းလေးကိုလဲ ပြန်သတိရလာမိတယ်။ အဲဒီလမ်းကိုလည်း ညီအကိုနှစ်ယောက် တိုင်ပင်ပြီး စက္ကူလမ်းဆိုပြီး အမည်သတ်မှတ်ထားကြတယ်။ နောင်တနေ့ သူတို့ အရွယ်ရောက်လာရင် ဒီနေရာမှာဘဲ အလုပ်လုပ်မယ်ဆိုပြီး စိတ်ကူးထားတယ်။ စက္ကူထုပ်အများကြီးတွေကို ခေါင်းပေါ်မှာရွက်ပြီး ဟိုပို့ဒီပို့ လုပ်ပေးနေတဲ့ အဒေါ်ကြီးတွေကို အံ့သြမိတယ်။ အလွန်လေးလံတဲ့ စက္ကူထုပ်တွေကို တနေ့လုံး အပင်ပန်းခံပြီး သယ်နိုင်တယ်ဆိုတာကို။

လူတွေဟာ လောကကြီးထဲမှာ စက္ကူတွေရှိနေသရွေ့ သူတို့ရဲ့ ခံစားချက်များကို အခန်းထဲမှာ လူမသိ၊ သူမသိ ရင်ဖွင့်ပြီး ရေးလို့ရတယ် မဟုတ်လား? စက္ကူရဲ့ ကျေးဇူးများဖြစ်ပါတယ်။ သူတို့ အပြင်မှာ မပြောဝံ့တာတွေလည်း ရင်ဖွင့်ရေးချလို့ ရတယ်လေ။ ဘယ်စစ်ဗိုလ်ချုပ်ကြီးတွေကိုမှ ကြောက်စရာမလိုပါ။ အာဏာရူးကြီး ဦးနေဝင်းတောင် တားလို့ မရပါ။

တေဇလက်ထဲမှာ ဖင်စီခံစာရွက်လေး။ အဲဒီပေါ်က စာသားလေးတွေ သဘောကျလို့ ဆုပ်ကိုင်နေရင်း အိပ်ပျော်သွားမိတယ်။ စာသားလေးတွေကတော့

ညီအကို နှစ်ယောက် ရန်းကန် ရှင်သန်မှု
ကောင်လေးမှာ ကွဲအက်ကြေကွဲစွာ ခံစားနေလျှက်
အချစ်ဟာ ထူးဆန်းသော ကြင်နာမှုကို ပေးနေတယ်
မိုးတွေဟာ ဘယ်အရာမဆို နားလည် ခွင့်လွှတ်နေမှာပါ